# High Tech Concrete Co., Ltd.

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

## ဆောင်ရွက်ထားမှုများ


**U Si Thu Aung**

**Safety Manger**


12 Dec 2014

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၂ |
| ၂။ | ရည်မှန်းချက်ချမှတ်ခြင်း | ၂ |
| ၃။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဌာနဖွဲ့စည်းခြင်း | ၂ |
| ၄။ | ဘေးအန္တရာယ်ကင်းရှင်းဆိုင်ရာညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်ခြင်း | ၃ |
| ၅။ | လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးခြင်း | ၃ |
| | (က) လုပ်ငန်းခွင်ပတ်ဝန်းကျင်အား စစ်ဆေးခြင်း | ၃ |
| | (ခ) စက်ကိရိယာအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း | ၄ |
| | (ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးခြင်း | ၅ |
| | (ဃ) ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်မှုရှိ၊ မရှိ စစ်ဆေးခြင်း | ၅ |
| | (င) ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံ(PPE)များထုတ်ပေးခြင်းနှင့် ဝတ်ဆင်လုပ်ကိုင်မှု စစ်ဆေးခြင်း | ၆ |
| | (စ) ရှေးဦးသူနာပြု ဆေးသေတ္တာများထားရှိခြင်းနှင့် စစ်ဆေးခြင်း | ၇ |
| ၆။ | ဓာတုဗေဒ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ | ၉ |
| ၇။ | အန္တရာယ် သတိပေးအမှတ်အသားနှင့် သင်္ကေတများထားရှိခြင်း | ၁၀ |
| ၈။ | မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်မှုများ | ၁၁ |
| ၉။ | လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းများပို့ချခြင်း၊ ဆွေးနွေးခြင်းနှင့် တက်ရောက်ခြင်း | ၁၃ |
| ၁၀။ | လုပ်ငန်းခွင် မတော်တဆထိခိုက်မှု မှတ်တမ်းများနှင့် ဆေးကုသပေးမှုများ | ၁၄ |
| ၁၁။ | ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း | ၁၅ |
| ၁၂။ | နိဂုံး | ၁၅ |

## High Tech Concrete Co., Ltd ၏

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆောင်ရွက်ထားမှုများ

၁ ။ နိဒါန်း


High Tech Concrete Co., Ltd သည် ISO အသိအမှတ်ပြုလက်မှတ်ရကုမ္ပဏီဖြစ်သည်နှင့်အညီ ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ရှိ Plant များ၊ Project များတွင် လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကျန်းမာသန့်ရှင်း၍ ဘေးအန္တရာယ်ကင်းရှင်းသောလုပ်ငန်းခွင် ဖြစ်ပေါ်စေရေးတို့အတွက် အလေးထားဆောင်ရွက်လျက် ရှိသည်။ လုပ်ငန်းခွင် အန္တရာယ်များသည် အချိန်မရွေးကျရောက်နိုင်သည့်သဘာဝရှိသည့်အလျောက် မတော်တဆထိခိုက်မှု တစ်စုံတစ်ရာ ဖြစ်ပွားပါက မိမိတို့၏ဝန်ထမ်းနှင့် ၎င်းတို့အားမှီခိုနေသည့် မိသားစုဝင်များ၊ မိမိတို့၏ လုပ်ငန်း အဖွဲ့အစည်းများတွင် များစွာ ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အတွက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးသည် မိမိတို့ကုမ္ပဏီ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ယုံကြည်လက်ခံထားပါသည်။

၂ ။ ရည်မှန်းချက်ချမှတ်ခြင်း

ကုမ္ပဏီတွင် သက်ဆိုင်ရာဌာနအလိုက် ရည်မှန်းချက်များအသီးသီးထားရှိသကဲ့သို့ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဌာနတွင်လည်း “မိမိတို့ ကုမ္ပဏီ၌ အနာဂတ်ကာလတွင် မတော်တဆထိခိုက်မှု လုံးဝမရှိစေရ” ဟု ရည်မှန်းချက်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၃ ။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဌာနဖွဲ့စည်းခြင်း

High Tech Concrete Co., Ltd ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဌာနကို (၂၀၀၅) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိကာလတွင် Safety Department Head အပါအဝင်၊ Safety Section Head (၂) ဦး၊ Safety Officer (၄) ဦးနှင့် Document Controller (၁) ဦး၊ စုစုပေါင်း ဝန်ထမ်း (၈)ဦးဖြင့် အောက်ပါအတိုင်းဖွဲ့စည်း၍ လုပ်ငန်းတာဝန်များခွဲဝေလျှက် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ရှိ Plants နှင့် Projects များ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။




Organization Chart of Safety Department

၄ ။ ဘေးအန္တရာယ်ကင်းရှင်းဆိုင်ရာ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်ခြင်း

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဌာနအနေဖြင့် လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ဘေးအန္တရာယ် ကင်းသော အပြုအမူ ( Safe Behavior ) များဖြင့် ပြုမူဆောင်ရွက်ကြစေရေးနှင့် ဘေးကင်းသောလုပ်ငန်းခွင် (Safe Workplace ) ဖြစ်စေရေးတို့အတွက် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အောက်ပါ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာညွှန်ကြားချက် [Work Instruction ( WI )] များ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းစဉ်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ထုတ်ပြန်ထားပြီး ဝန်ထမ်းများ အမှန်တကယ်လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိအား ပုံမှန်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

(က) စက်ရုံအတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာညွှန်ကြားချက်

(ခ) အရေးပေါ်ရှေးဦးသူနာပြုစုရေးဆိုင်ရာ ညွှန်ကြားချက်

(ဂ) Station / Boom Pump များ ဘေးအန္တရာယ်ကင်းရှင်းစွာ စက်မောင်းနှင်ရေးဆိုင်ရာ ညွှန်ကြားချက်

(ဃ) ဓာတုဗေဒအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်

(င) လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်

(စ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဌာန၏ လုပ်ငန်းတာဝန်များဆိုင်ရာ ညွှန်ကြားချက်

(ဆ) သတ်မှတ်လုပ်ငန်းခွင်အလိုက် ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများဝတ်ဆင်ခြင်းနှင့် လုပ်ငန်းခွင် ပတ်ဝန်းကျင် (Working Environment) အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်

(ဇ) PPE သက်တမ်းသတ်မှတ်ခြင်း၊ PPE ထုတ်ပေးခြင်း၊ ဝတ်ဆင်ခြင်းနှင့် ပြစ်ဒဏ်များဆိုင်ရာ ညွှန်ကြားချက်

(ဈ) ဘေးမကင်းသောအပြုအမူ၊ ဘေးမကင်းသော လုပ်ငန်းခွင်အခြေအနေနှင့် မတော်တဆထိခိုက်ပျက်စီး လုနီးပါးအဖြစ်အပျက်များ သတင်းပေးပို့ရေးဆိုင်ရာ ညွှန်ကြားချက်များ

(ဉ) မြွေအန္တရာယ်ကာကွယ်ရေးလုပ်ငန်းစဉ် ညွှန်ကြားချက်

(ည) မီးဘေးကာကွယ်ရေးစီမံချက်

၅ ။ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးခြင်း

(က) လုပ်ငန်းခွင်ပတ်ဝန်းကျင်အား စစ်ဆေးခြင်း

လုပ်ငန်းခွင်ပတ်ဝန်းကျင် (Working Environment) အား စစ်ဆေးရာတွင် လုပ်ငန်းခွင်ရှိ စက်မှုပိုင်းဆိုင်ရာအန္တရာယ်များ၊ လျှပ်စစ်ပိုင်းဆိုင်ရာ အန္တရာယ်များ၊ လုပ်ငန်းခွင် ကျန်းမာသန့်ရှင်းရေး၊ ပစ္စည်းများစီထပ်မှု၊ သိုလှောင်မှု၊ သယ်ယူရွှေ့ပြောင်းမှု၊ အမှုန်အမွှားများ ထွက်ပေါ်မှုနှင့် အမှုန်အမွှားများစုရုံးပျံ့လွင့်မှု၊ ဆူညံသံထွက်ပေါ်မှု၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်မှု၊ လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှု၊ သွားလမ်း၊ လာလမ်းများ၊ လုပ်ငန်းခွင် အလင်းရောင်လုံလောက်မှု၊ အမြင့်တက်၍ အလုပ်လုပ်ကိုင်မှု၊ လုပ်ငန်းခွင်သုံး လှေကားများကောင်းမွန်လုံလောက်မှု စသည့်အခြေအနေများကို Environment Safety Checklist စစ်ဆေးချက်ပုံစံ (F1)ဖြင့် တစ်လလျှင်အနည်းဆုံး တစ်ကြိမ်စစ်ဆေးပြီး စစ်ဆေးတွေ့ရှိသည့် ချို့ယွင်းအားနည်းချက်များအား သက်ဆိုင်ရာတာဝန်ခံများသို့ ချက်ချင်းအသိပေး၍ အမြန်ဆုံး ပြုပြင်ဆောင်ရွက်စေခဲ့ပါသည်။





လုပ်ငန်းခွင်ပတ်ဝန်းကျင်အား တိုင်းတာစစ်ဆေးနေပုံ


(ခ)	**စက်ကိရိယာအန္တရာယ်ကင်းရှင်းရေးစစ်ဆေးခြင်း**

လုပ်ငန်းခွင်ရှိ စက်ကိရိယာများ အန္တရာယ်ကင်းရှင်းမှုရှိ၊ မရှိ စစ်ဆေးရာတွင် စက်ရုံတွင် အသုံးပြုလျက်ရှိသည့် Air Compressor များ၊ Screw Motor များ၊ Chemical Pump Motor များ၊ Debugger Motor များ၊ Discharge Conveyor များ၊ Screening Machines များနှင့် Vibrator Motor များစသည်တို့၏ လည်ပတ်လှုပ်ရှားနေသော စက် အစိတ်အပိုင်းများ၊ ပင်နံယံဘီးများ၊ ပူလီဘီးနှင့် ပူလီကြိုးများအား စနစ်တကျ လုံခြုံခိုင်ခံ့စွာ ဖုံးအုပ်ကာရံထားမှု အခြေအနေများအား Inspection Check List For Machinery Devices စစ်ဆေးချက်ပုံစံ (F10) ဖြင့် တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။





စက်ကိရိယာများအား စစ်ဆေးနေပုံနှင့် အန္တရာယ်ရှိသည့် စက်အစိတ်အပိုင်းများအား စနစ်တကျဖုံးအုပ်ကာရံထားပုံ


အန္တရာယ်ရှိသည့် စက်အစိတ်အပိုင်းများအား စနစ်တကျဖုံးအုပ်ကာရံထားပုံ

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးခြင်း

လုပ်ငန်းခွင်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးစစ်ဆေးရာတွင် လုပ်ငန်းခွင်ရှိ Transformer များ၊ 33KVA Incoming Outgoing panel များ၊ သက်ဆိုင်ရာ ဌာနများနှင့် ရုံးခန်းများရှိ Circuit Breakers များ၊ Panel Board များ၊ Switch များ၊ Socket နှင့် Plug များ၊ Exhaust Fans များနှင့် Portable Electric Power Tools များ စသည့်တို့အား အန္တရာယ်ကင်းရှင်းမှု ရှိ၊ မရှိ Inspection Check list for Electrical Devices စစ်ဆေးချက် ပုံစံ (F9) ဖြင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် လိုက်လံစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းမှုမရှိသည့် စက်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ခံများသို့ ချက်ချင်းအသိပေး၍ ပြုပြင်ဆောင်ရွက်စေခဲ့ပါသည်။





လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အခြေအနေစစ်ဆေးနေပုံ






လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အခြေအနေစစ်ဆေးနေပုံ

(ဃ) ဝန်ထမ်းများဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်မှုရှိမရှိစစ်ဆေးခြင်း

Plant / Project နှင့် Pump Site များရှိ သက်ဆိုင်ရာ ဝန်ထမ်းနှင့် နေ့စားအလုပ်သမားများသည် Plant အားစတင်လည်ပတ်ခြင်း၊ Silo ပေါ်သို့တက်ရောက်ခြင်း၊ Plant အစိတ်အပိုင်းများအားကိုင်တွယ်ခြင်း၊ သဲ၊ ကျောက် Hopper များနှင့် Concrete Mixer အတွင်းဝင်ရောက်အလုပ်လုပ်ကိုင်ခြင်း၊ Concrete Station Pump နှင့် Boom Pump များ မောင်းနှင်ခြင်း၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ သတ်မှတ် PPE များ ဝတ်ဆင်လုပ်ကိုင်ခြင်း၊ AG Truck နှင့် Drum များ မောင်းနှင်ခြင်း၊ ပြုပြင်ခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်း၊ Screening Machine အား အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ခြင်းနှင့် ၎င်းအနီးတွင် အလုပ်လုပ်ကိုင်ခြင်း၊ လုပ်ငန်းခွင်ရှိ Grinding Machine, Stand Drill Machine, Cutting Machine, Welding Machine, Angle Grinder Machine, Hand Drill Machine နှင့် Vibrator စသည်တို့အား ကိုင်တွယ်အသုံးပြုခြင်း

တို့တွင် စာပိုဒ် - ၄ တွင်ဖော်ပြထားသည့် ညွှန်ကြားချက်များအတိုင်း တိကျစွာလိုက်နာ ဆောင်ရွက်မှုရှိ၊ မရှိအား သတ်မှတ်ထားသည့် Inspection Check List For Workplace (Infraction of work Instruction) စစ်ဆေးချက်ပုံစံ (F11) ဖြင့် တစ်ပတ်လျှင်အနည်းဆုံးတစ်ကြိမ် စစ်ဆေးလျက်ရှိပါသည်။

(c) ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံ **(PPE)** များထုတ်ပေးခြင်းနှင့် ဝတ်ဆင်လုပ်ကိုင်မှု စစ်ဆေးခြင်း

သတ်မှတ်လုပ်ငန်းခွင်အလိုက် ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်ခြင်းနှင့် လုပ်ငန်းခွင်ပတ်ဝန်းကျင် (Working Environment) အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ညွှန်ကြားချက်အရလည်းကောင်း၊ ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ သက်တမ်းသတ်မှတ်ခြင်း၊ ထုတ်ပေးခြင်း၊ ဝတ်ဆင်ခြင်းနှင့် ပြစ်ဒဏ်များဆိုင်ရာ ညွှန်ကြားချက်အရလည်းကောင်း ကုမ္ပဏီ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဝန်ထမ်းနှင့် နေ့စားအလုပ်သမားအားလုံးတို့အတွက် လိုအပ်သည့်ကိုယ်ခန္ဓာကာကွယ်ရေး ဝတ်စုံများကို လုံလောက်စွာထုတ်ပေး၍ ဝတ်ဆင်လုပ်ကိုင်စေလျှက်ရှိပါသည်။ ဝန်ထမ်းနှင့် နေ့စားအလုပ်သမားများ သတ်မှတ်ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်လုပ်ကိုင်မှုအခြေအနေအား လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဌာနမှ Inspection Check List for PPE စစ်ဆေးချက်ပုံစံ (F4) ဖြင့် လိုက်လံစစ်ဆေးပါသည်။

သတ်မှတ်ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံ ဝတ်ဆင်လုပ်ကိုင်ခြင်းမရှိသည့် ဝန်ထမ်း (သို့) နေ့စားအလုပ်သမားနှင့် ၎င်းတို့၏ အနီးကပ်ကြီးကြပ်သူ (Immediate Superior) များကို ဒဏ်ငွေရိုက်ခြင်းနှင့် ၃လအတွင်း သုံးကြိမ်မြောက် ကိုယ်ခန္ဓာကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ရန်ပျက်ကွက်ပါက ၎င်းတို့အား Staff management committees မှ အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

Division အလိုက် ထုတ်ပေးထားသည့် ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများ

| Division | Helmet | Safety Shoe/ Boots | PVC Boot | Water Boot | Reflective Vest | Safety Harness | Safety Belt | Ear plug | Glove | Goggles | Mask | Welding mask |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Concrete | ✔ | ✔ ★ | ✔ ★ ✧ | ✔ ★ ✧ | ✔ ★ | ✧ | ★ | ✧ | ✧ | ✧ | ✧ | ✧ |
| Sales & Marketing | ✔ | ✔ ✧ | ✧ | - | ✔ ✧ | ★ ✧ | ★ ✧ | ✧ | ✧ | ✧ | ✧ | - |
| Business Development | ✔ | ✧ | - | ✔ | - | - | - | - | ✧ | - | ✧ | - |
| CRP | ✔ | ✔ | ✔ | ✧ | ✔ ✧ | ✧ | ★ | ✧ | ✧ | ✧ | ✧ | ✧ |
| Support | ✔ | ✧ | ✧ | ✧ | - | ✧ | - | - | ✧ | - | - | - |
| Account | ✔ | - | - | - | - | - | - | - | - | - | ✧ | - |

✔ = မဖြစ်မနေထုတ်ပေးခြင်း

★ = လုပ်ငန်းလိုအပ်ချက်အရထုတ်ပေးခြင်း


✧ = လုပ်ဆောင်ရမည့်တာဝန်အရလိုအပ်ပါက သက်ဆိုင်ရာ Department / Project မှထုတ်ပေးခြင်း





PPE ဝတ်ဆင်မှုစစ်ဆေးနေပုံနှင့် ဝန်ထမ်းများ PPE ဝတ်ဆင်၍ အလုပ်လုပ်ကိုင်နေပုံ





အလုပ်သမားများ PPE ဝတ်ဆင်၍ အလုပ်လုပ်ကိုင်နေပုံ

(စ) ရှေးဦးသူနာပြု ဆေးသေတ္တာများထားရှိခြင်းနှင့် စစ်ဆေးခြင်း

ဝန်ထမ်းများမတော်တဆထိခိုက်မှု တစ်စုံတစ်ရာဖြစ်ပွားပါက အရေးပေါ်ရှေးဦးသူနာပြုစုပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များနှင့်အညီ ရှေးဦးသူနာပြုဆေးသေတ္တာ (၁) ဘူးတွင် အောက်ပါဆေးဝါး ပစ္စည်းများထည့်သွင်း၍ ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ရှိ Plant နှင့် Project များတွင် ရှေးဦးသူနာပြု ဆေးသေတ္တာ စုစုပေါင်း (၂၈) ဘူးထားရှိပါသည်။

ရှေးဦးသူနာပြု ဆေးသေတ္တာ (၁) ဘူးတွင် ပါရှိသော ဆေးဝါးပစ္စည်းများစာရင်း

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Adhesive Tape ( ကပ်နိုင်သည့် ပလာစတာ) | ၁ |
| ၂။ | 2'' Bandage ( ၂ လက်မ ပတ်တီး ) | ၁၀ |
| ၃။ | 4'' Bandage ( ၄ လက်မ ပတ်တီး) | ၁၀ |
| ၄။ | Triangular Bandage ( သုံးဒေါင့် ပတ်တီး) | ၁ |
| ၅။ | Balm ( ဒဏ်ကြေလိမ်းဆေး) | ၁ |
| ၆။ | Betadine or Septidine (အနာထည့်ဆေးရည်) | ၁ |
| ၇။ | Bioplanton ( အပူလောင်ပျောက်ဆေး) | ၁ |

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၈။ | Cotton Wool (ဂွမ်း) | ၃ |
| ၉။ | Eye / Ear Drop ( နားနှင့် မျက်စဉ်းဆေး) | ၁ |
| ၁၀။ | First Aid Book ( ဆေးအသုံးပြုမှု စာရင်းစာအုပ် ) | ၁ |
| ၁၁။ | Forceps ( ဆေးရုံသုံး ဇာဂနာ ) | ၁ |
| ၁၂။ | Hansaplast ( အနာကပ် ပလာစတာ ) | ၂၀ |
| ၁၃။ | One Time Hand Glove ( တစ်ခါသုံး လက်အိတ် ) | ၁၀ |
| ၁၄။ | Scissor ( ဆေးရုံသုံး ကတ်ကြေး ) | ၁ |
| ၁၅။ | Spirit ( အရက်ပျံ ) | ၁ |

Plant / Project အလိုက် ထားရှိသည့်ရှေးဦးသူနာပြုဆေးသေတ္တာအရေအတွက်စာရင်း

| စဉ် | Plant / Project အမည် | အရေအတွက် |
|---|---|---|
| ၁။ | TKT + Boom pump ( သာကေတ ) | ၆ |
| ၂။ | SPT ( ရွှေပြည်သာ ) | ၃ |
| ၃။ | DKN ( နေပြည်တော် ) | ၃ |
| ၄။ | MAM ( မဟာအောင်မြေ ) | ၃ |
| ၅။ | MSY ( မြစိမ်းရောင် ) | ၁ |
| ၆။ | KMU ( ကော့မှူး ) | ၁ |
| ၇။ | TLW ( သီလဝါ ) | ၁ |
| ၈။ | YHP-2 ( ရတနာအိမ်ယာ စီမံကိန်း ) | ၁ |
| ၁၀။ | YHP-3 ( ရတနာအိမ်ယာ စီမံကိန်း) | ၁ |
| ၁၁။ | JCY ( Junction City ) | ၁ |
| ၁၂။ | JSE ( Junction Square Extension ) | ၁ |
| ၁၃။ | PGT-A ( ပြည်ကြီးတံခွန် ) | ၁ |
| ၁၄။ | MCP ( မြစိမ်းရောင် အုတ်စက် ) | ၁ |
| ၁၅။ | DBN ( ဒေါပုံ ) | ၁ |
| ၁၆။ | CLC ( Cellular Lightweight Concrete) | ၁ |
| ၁၇။ | BGO ( ပဲခူး ) | ၁ |
| ၁၈။ | PNG ( ပြည်ညောင် ) | ၁ |
| စုစုပေါင်း | | ၂၈ |

လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးဌာနသည် သက်ဆိုင်ရာ Plant နှင့် Project များတွင်ထားရှိသည့် ရှေးဦးသူနာပြု ဆေးသေတ္တာများတွင် သတ်မှတ်ဆေးဝါးပစ္စည်းများ ပြည့်စုံမှု ရှိ/ မရှိအား Inspection Check List for First Aid Kit စစ်ဆေးချက်ပုံစံ (F7) ဖြင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်စစ်ဆေး၍ လိုအပ်သောဆေးဝါးပစ္စည်းများအား အချိန်မှီ ဖြည့်သွင်းဆောင်ရွက်ပေးလျှက်ရှိပါသည်။







ဆေးသေတ္တာစစ်ဆေးနေပုံ












ဆေးသေတ္တာများ သတ်မှတ်နေရာများတွင် စနစ်တကျ ထားရှိပုံ

၆ ။ ဓာတုဗေဒ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုများ

ကုမ္ပဏီ၏ လုပ်ငန်းသဘောသဘာဝအရ မိမိတို့၏ ထုတ်ကုန်များတွင် ဓာတုဆေးရည်များ ထည့်သွင်းအသုံးပြုရသည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ အဆိုပါဓာတုဆေးရည်များနှင့် မကြာခဏထိတွေ့ကိုင်တွယ်ရသည့်ဝန်ထမ်းများ ဓာတုဗေဒ အန္တရာယ်ကင်းရှင်းစေရေးနှင့် အလုပ်နှင့်ဆက်နွယ်သည့်ရောဂါများ မဖြစ်ပွားစေရေးအတွက် အလေးထားဆောင်ရွက်လျက် ရှိပါသည်။

အထူးသဖြင့် အဆိုပါ ဝန်ထမ်းများအနေဖြင့် ဓာတုဗေဒဆေးရည်များအား ကိုင်တွယ်ခြင်း (Handling)၊ သယ်ယူ ရွှေ့ပြောင်းခြင်း (Transpotation)၊ သိုလှောင်ခြင်း (Storage) နှင့် အသုံးပြုခြင်း (Using) စသည်တို့ လုပ်ဆောင်ရာတွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဆောင်ရွက်ရန်နည်းလမ်းများအား သိရှိစေရန် သက်ဆိုင်ရာဓာတုပစ္စည်းအလိုက် သတ်မှတ်ထားသည့်ဓာတုဗေဒပစ္စည်းများ အန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက် (Material Safety Data Sheet ) များကို သက်ဆိုင်ရာဌာနများသို့ ဖြန့်ဝေခြင်း၊ အသိပေးပညာပေးခြင်းများ ဆောင်ရွက်ထားပါသည်။




Chemical ပီပါများစစ်ဆေးနေပုံနှင့် MSDS ၊ First Aid Procedures များရေးမှတ်ကပ်ထားပုံ

## ၇ ။ အန္တရာယ် သတိပေးအမှတ်အသားနှင့် သင်္ကေတများထားရှိခြင်း

ကုမ္ပဏီ၏ မီးဘေးအန္တရာယ်ရှိနိုင်သောနေရာများတွင် မီးဘေးအန္တရာယ်သတိပေး အမှတ်အသားများ၊ လျှပ်စစ်အန္တရာယ်ရှိနိုင်သောနေရာများတွင် လျှပ်စစ်အန္တရာယ်သတိပေး အမှတ်အသားများနှင့် သတ်မှတ်လုပ်ငန်းခွင်အလိုက် PPE ဝတ်ဆင်ရန် သတိပေးရုပ်ပုံကားချပ်များကို စနစ်တကျရေးမှတ်ပြထားလျက်ရှိပါသည်။ အဆိုပါ ရုပ်ပုံကားချပ်များ အသုံးပြုခြင်းဖြင့် လုပ်ငန်းခွင်ရှိ အတန်းပညာအားနည်းသူများပါ နားလည်စေနိုင်သဖြင့် မတော်တဆထိခိုက်မှုအားကာကွယ်ရာတွင် များစွာ အကျိုးသက်ရောက်မှုရှိစေပါသည်။






PPE sign များတပ်ဆင်ထားရှိမှုအခြေအနေ







PPE sign များတပ်ဆင်ထားရှိမှုအခြေအနေ

## ၈ ။ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်မှုများ

စက်ရုံ၊ အလုပ်ရုံများသည် လူနေအိမ်ခြေများထက် မီးဘေးအန္တရာယ်ကျရောက်နိုင်ရန်လွယ်ကူပြီး အဆိုပါ စက်ရုံ၊ အလုပ်ရုံမှတဆင့် အနီးရှိ လူနေအိမ်များကိုပါ ကူးစက်လောင်ကျွမ်းနိုင်ပါသည်။ မိမိကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာ Plant / Project အလိုက် မီးဘေးအန္တရာယ်မကျရောက်စေရန်အတွက် စက်ရုံအဆောက်အဦးတည်ဆောက်သည်မှ အစပြု၍ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်မှုများ အများအပြားပြုလုပ်ခဲ့ပါသည်။

အဆိုပါ မီးဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်မှုများမှာ ထိပ်ပိုင်းစီမံခန့်ခွဲသူများပါဝင်သည့် မီးဘေးတားဆီးကာကွယ်ရေးနှင့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်းအပါအဝင် မီးငြိမ်းသတ်ရေးအဖွဲ့၊ ကယ်ဆယ်ရေးနှင့် လုံခြုံရေးအဖွဲ့၊ ပစ္စည်းရွှေ့ပြောင်းရေးအဖွဲ့၊ ရေရရှိရေးအဖွဲ့နှင့် ဆက်သွယ်ရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့၏ စစ်ဆေးလမ်းညွှန်မှုကိုခံယူခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များချမှတ်ခြင်း၊ သီးသန့်မီးသတ်တပ်ဖွဲ့ဖွဲ့စည်းခြင်း၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ အခြေခံမီးသတ်သင်တန်းများ တက်ရောက်စေခြင်းနှင့် မီးလောင်လျှင် ဆက်သွယ်ရမည့်အရေးကြီးဖုန်းနံပါတ်များ ရေးသားချိတ်ဆွဲထားခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။





မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများရှင်းလင်းပြနေပုံ





ဝန်ထမ်းများမီးဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းတက်ရောက်နေပုံ

သက်ဆိုင်ရာ Plant / Project အလိုက် မီးလောင်လျှင် အလွယ်တကူ ငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးများကိုလည်း အောက်ပါအတိုင်းထားရှိပြီး၊ မီးလောင်လျှင် အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ၊ အရေးပေါ်ထွက်ပေါက်များ၊ မီးသတ်ဆေးဘူးအသုံးပြုပုံ နည်းလမ်းများတို့ကို သတ်မှတ်နေရာများတွင် စနစ်တကျ ရေးမှတ်ပြထားခြင်းတို့ကို ဆောင်ရွက်ထားပါသည်။


## သက်ဆိုင်ရာ Plant / Project အလိုက်ထားရှိသည့် မီးသတ်ဆေးဘူးအရွယ်အစားနှင့် အရေအတွက်စာရင်း


| စဉ် | Plant / Project အမည် | ထားရှိသည့် မီးသတ်ဆေးဘူးအမျိုးအစားနှင့် အရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|
| | | 50kg | 40kg | 5kg | 4kg | 3kg | 2kg | စုစုပေါင်း |
| 1 | TKT | | 5 | 3 | 13 | 37 | | 58 |
| 2 | SPT | | 2 | | 4 | 8 | 3 | 17 |
| 3 | NPT | | 2 | | | 8 | 4 | 14 |
| 4 | MAM | | 2 | | | 13 | | 15 |
| 5 | MSY | | | 5 | | | | 5 |
| 6 | KMU | | | | 10 | | | 10 |
| 7 | TLW | 1 | | | | 7 | | 8 |
| 8 | ALE-B | | | | | 7 | | 7 |
| 9 | YHP-2 | | | | 4 | | | 4 |
| 10 | YHP-3 | | | | 5 | | | 5 |
| 11 | JCY | | | | | | 7 | 7 |
| 12 | JSE | | | | | 4 | | 4 |
| 13 | PGT(A) | | | | | 5 | | 5 |
| 14 | MCP | | | | | 8 | 1 | 9 |
| 15 | DBN | | | | 5 | | | 5 |
| 16 | CLC | | | 5 | | | | 5 |
| 17 | BGO | | | 1 | 2 | | 7 | 10 |
| 18 | PNG | | | | 4 | | | 4 |
| **Total** | | 1 | 11 | 14 | 47 | 97 | 22 | 192 |





မီးသတ်ဆေးဘူးစစ်ဆေးနေပုံနှင့် သတ်မှတ်နေရာအလိုက်မီးသတ်ဆေးဘူးများထားရှိပုံ





သတ်မှတ်နေရာအလိုက်မီးသတ်ဆေးဘူးများနှင့် အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များထားရှိပုံ

ထို့ပြင် Safety Department မှ သတ်မှတ်နေရာများတွင် မီးသတ်ဆေးဘူးများ ချိတ်ဆွဲထားမှု၊ မီးသတ်ဆေးဘူး၏ Pin များ၊ Nozzle ခေါင်းများ၊ အိုးများ၊ ပိုက်များကောင်းမွန်မှု ရှိ၊ မရှိ အခြေအနေအား Inspection Check List for Fire Extinguisher စစ်ဆေးချက်ပုံစံ (F8) ဖြင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

## ၉ ။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးသင်တန်းများ ပို့ချခြင်း၊ ဆွေးနွေးခြင်းနှင့် တက်ရောက်ခြင်း

ဝန်ထမ်းနှင့် နေ့စားအလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာများ ပိုမိုသိရှိ နားလည်လာပြီး၊ ဘေးကင်းသောအပြုအမူများဖြင့် လုပ်ငန်းများဆောင်ရွက်လာစေရန်ရည်ရွယ်၍ လုပ်ငန်းခွင်တွင် ဖြစ်ပွားလေ့ရှိသည့် အန္တရာယ်များနှင့် ကာကွယ်ရန် နည်းလမ်းများကို Training Plan များရေးဆွဲပြီး တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ဖြင့်လည်းကောင်း၊ ၃ လအတွင်း အလုပ်သမားတစ်ဦးလျှင် Safety Training ၂နာရီတက်ရောက်ရန် အစီအစဉ်ဖြင့်လည်းကောင်း သင်တန်းများ ပို့ချပေးလျှက်ရှိပါသည်။





Safety Training ကျင်းပပြုလုပ်နေပုံ





First Aid Training ကျင်းပပြုလုပ်နေပုံ

ထို့ပြင် Safety Department ရှိ Safety Officer များအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းဆိုင်ရာ ပညာရပ်များ ပိုမိုသိရှိလာစေရေးအတွက် ပြင်ပ Safety Training များသို့ ပို့လွှတ်သင်ကြားစေခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်စေခြင်းနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ်ခန့်ဌာနတွင်း Knowledge Sharing များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။






ပြင်ပသင်တန်းသို့စေလွှတ်ခြင်းနှင့် Knowledge Sharing ပြုလုပ်နေပုံ

၁၀ ။ လုပ်ငန်းခွင် မတော်တဆထိခိုက်မှု မှတ်တမ်းများနှင့် ဆေးကုသပေးမှုများ

လုပ်ငန်းခွင် မတော်တဆထိခိုက်မှုသည် အခြေခံအားဖြင့် ဘေးမကင်းသော အလုပ်သမားများ၏အပြုအမူ (Unsafe Acts) နှင့် ဘေးမကင်းသော လုပ်ငန်းခွင်အခြေအနေ( Unsafe Conditions ) တို့ ပေါင်းစုံမှုကြောင့် ဖြစ်ပွားလေ့ရှိပါသည်။ မိမိတို့ကုမ္ပဏီတွင်ဖြစ်ပွားလေ့ရှိသည့် မတော်တဆထိခိုက်မှုများတွင် Pump Site များရှိ နေ့စား အလုပ်သမားများမှ ထိခိုက်မှုအများဆုံးဖြစ်လေ့ရှိပြီး၊ အဆိုပါ နေ့စားအလုပ်သမားများအနေဖြင့်နေ့စဉ် လုပ်ငန်းခွင်သို့ အဝင်အထွက် အပြောင်းအလဲရှိခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်မီအသိပညာပေးရန်ခက်ခဲခြင်းကြောင့် ဘေးကင်းရေးဆိုင်ရာ အသိပညာရရှိမှုနည်းပါးခြင်း၊ သတ်မှတ်ထားသည့် PPE များ အချိန်မှီထုတ်ပေးနိုင်မှုနှင့် ဝတ်ဆင်လုပ်ကိုင်မှု အားနည်းခြင်း စသည့်တို့ကြောင့်ဖြစ်ပွားရကြောင်း လေ့လာတွေ့ရှိရသည်။

မတော်တဆထိခိုက်မှုများအား ပြင်းထန်နှုန်းအလိုက် အမျိုးအစားခွဲခြားခြင်း

| Budget Years | Fatal | Serious | Minor | First Aid | Total |
|---|---|---|---|---|---|
| 2011 - 2012 | - | 2 | 22 | 10 | 34 |
| 2012 - 2013 | - | 2 | 17 | 5 | 24 |
| 2013 - 2014 | 1 | 4 | 21 | 10 | 36 |
| 2014 - Now | - | 1 | 8 | 16 | 25 |

မတော်တဆထိခိုက်မှုများအား ထိခိုက်မှုအမျိုးအစားအလိုက် ခွဲခြားခြင်း

| Budget Years | So | Ci | It | Cc | Pf | Ch | Po | Rd | Ce | Md | Da | Oth | Total |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 2011 - 2012 | 23 | 7 | - | - | 4 | - | - | - | - | - | - | - | 34 |
| 2012 - 2013 | 7 | 11 | - | - | 3 | 1 | - | - | - | 1 | - | 1 | 24 |
| 2013 - 2014 | 17 | 8 | 1 | - | 5 | 1 | - | - | - | 1 | - | 3 | 36 |
| 2014 - Now | 6 | 12 | - | 3 | 3 | - | - | - | - | 1 | - | - | 25 |

| Short Cut | Description | Short Cut | Description |
|---|---|---|---|
| So | Struck by object | Po | Poisoning |
| Ci | Caught in between | Rd | Exposure to radiation |
| It | Internal transport | Ce | Contact with electric current |
| Cc | Contact with chemical | Md | Machine driven |
| Pf | Personal falling | Da | Drowning / Asphyxiation |
| Ch | Contact with heat | Oth | Other |

မတော်တဆထိခိုက်မှုများအား ဝန်ထမ်းအမျိုးအစားအလိုက် ခွဲခြားခြင်း

| Budget Years | Employee | Labour | Male | Female | Total |
|---|---|---|---|---|---|
| 2011 - 2012 | 8 | 26 | 33 | 1 | 34 |
| 2012 - 2013 | 6 | 18 | 24 | - | 24 |
| 2013 - 2014 | 13 | 23 | 32 | 4 | 36 |
| 2014 - Now | 8 | 17 | 25 | - | 25 |

အထက်ဖော်ပြပါ မတော်တဆထိခိုက်မှုဇယားအား လေ့လာခြင်းအားဖြင့် ကုမ္ပဏီ၏ Plant နှင့် Project များတွင် ဖြစ်ပွားလေ့ရှိသော မတော်တဆထိခိုက်သူများတွင် ဝန်ထမ်းများထက် နေ့စားလုပ်သားများက ပိုမိုများပြားနေခြင်း၊ ထိခိုက်မှု ပြင်းထန်နှုန်းအနေဖြင့် သာမာန်မတော်တဆထိခိုက်မှုနှင့် ရှေးဦးသူနာပြုစုပေးရသည့် မတော်တဆထိခိုက်မှုများသာ အဓိက ဖြစ်ပွားခြင်း ၊ မတော်တဆထိခိုက်မှု အကြောင်းရင်းအနေဖြင့် လုပ်ငန်းခွင်သုံးပစ္စည်းများနှင့် ထိမိ၊ ရိုက်မိခြင်းနှင့် အရာဝတ္ထု နှစ်ခုကြား ညှပ်မိခြင်းတို့ကသာ အဓိကထားဖြစ်ပွားကြောင်းတွေ့ရှိရသည်။အဆိုပါမတော်တဆထိခိုက်မှု မှတ်တမ်းများအား Injury and Accident Record Status Log တွင် စနစ်တကျရေးသွင်း၍ မှတ်တမ်းများသိမ်းဆည်းထားရှိပါသည်။

ကုမ္ပဏီအနေဖြင့် အလုပ်သမားတစ်ဦးဦးတွင် မတော်တဆထိခိုက်မှုဖြစ်ပွားပါက ထိခိုက်နာကျင်ခံရသူအား ဆေးရုံ သို့ချက်ချင်းပို့ဆောင်၍ ဒဏ်ရာပျောက်ကင်းသည်အထိ ကုမ္ပဏီမှစရိတ်ခံ၍ ဆေးကုသပေးခြင်း၊ သက်ဆိုင်ရာ အလုပ်သမား ဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြား၍ လိုအပ်သည့်အာမခံ လျော်ကြေးငွေများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဒဏ်ရာ သက်သာပျောက်ကင်းပါက လုပ်ငန်းခွင်အတွင်း ပြန်လည်အလုပ်ဝင်နိုင်ရန်စီစဉ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးပါသည်။

ထိုအပြင် မတော်တဆထိခိုက်မှုများ ပိုမိုလျော့နည်းကျဆင်းစေရေးအတွက် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ခြင်း၊ စစ်ဆေးရေးလုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးသင်တန်းများပိုမို ပို့ချခြင်းတို့ကို ဆောင်ရွက်လျှက်ရှိပါသည်။

၁၁ ။ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း

ကုမ္ပဏီ၏ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအနေဖြင့် အလုပ်မဝင်မီ ကြိုတင်ဆေးစစ်ခြင်း (Pre Medical Examination)၊ တာဝန်ထမ်းဆောင်စဉ် နာမကျန်းမှုဖြစ်ပါက ဆေးကုသမှုခံယူနိုင်ရန် စက်ရုံတွင်း ဆရာဝန်တစ်ဦးနှင့်အတူ ဆေးခန်းနှင့် ဆေးဝါးများ ပြည့်စုံစွာထားရှိခြင်းနှင့် ဝန်ထမ်းများအား အာရှတော်ဝင် အထူးကု ဆေးရုံကြီးတွင် သတ်မှတ်ကာလအလိုက် ဆေးစစ်ခြင်း (Periodical Medical Examination) တို့ကို ကုမ္ပဏီမှကုန်ကျ စရိတ်ကျခံ၍ အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိပါသည်။





စက်ရုံဆေးပေးခန်းအားတွေ့မြင်ရပုံ

၁၂ ။ နိဂုံး

မိမိတို့ ကုမ္ပဏီအနေဖြင့် Ready mixed concrete များ၊ ဘိလပ်မြေအုတ်များထုတ်လုပ်ရာ၌ ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ရန် အရေးကြီးသကဲ့သို့ ထို့သို့ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက် လုပ်ကိုင်ရာတွင်လည်း မိမိတို့၏ ဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအား နာကျင်ထိခိုက်ခြင်း၊ ပစ္စည်းဆုံးရှုံး ပျက်စီးခြင်းများ ဖြစ်နိုင်သမျှ နည်းပါးအောင် ကာကွယ်ထိန်းသိမ်းဆောင်ရွက်သွားရန် ရည်မှန်းချက်ချမှတ်၍ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။